ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့
ရုံးအမိန့်စာအမှတ်၊ ၂ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ရုံးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၅၃/၂၀၂၁ ဖြင့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့်ဗဟိုလုပ်ငန်းအဖွဲ့တို့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့်ဗဟိုလုပ်ငန်းအဖွဲ့တို့၏ ရုံးလုပ်ငန်းအဖွဲ့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၃-၂-၂၀၂၂ ရက်စွဲပါ ရုံးအမိန့်စာအမှတ်၊ ၁၈/၂၀၂၂ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ အဆိုပါ ရုံးလုပ်ငန်းအဖွဲ့၏ အထူးစီးပွားရေးဇုန်ဆိုင်ရာ ရုံးလုပ်ငန်းများကို သတ်မှတ်နေရာတွင်စုဖွဲ့၍ အချိန်ပြည့်ရုံးထိုင်ပြီး တာဝန်ယူ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာရုံးအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က)	ဦးသိန်းထွန်းဦး ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့	အဖွဲ့ခေါင်းဆောင်
(ခ)	ဒေါ်သန္တာစိုး ဒုတိယညွှန်ကြားရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့	အဖွဲ့ဝင်
(ဂ)	ဒေါ်အေးအေးသင်း လက်ထောက်ညွှန်ကြားရေးမှူး စားသုံးသူရေးရာဦးစီးဌာန	အဖွဲ့ဝင်
(ဃ)	ဒေါ်မိုးမိုးအောင် လက်ထောက်ညွှန်ကြားရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့	အဖွဲ့ဝင်
(င)	ဒေါ်အေးမြတ်မွန် ဦးစီးအရာရှိ ကုန်သွယ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(စ)	ဦးကျော်သန်းနိုင် ဒုတိယဦးစီးမှူး ကုန်သွယ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(ဆ)	ဦးထွန်းလင်း ဒုတိယဦးစီးမှူး စားသုံးသူရေးရာဦးစီးဌာန	အဖွဲ့ဝင်

(ဇ) ဒေါ်ကြူကြူမွန် အဖွဲ့ဝင်
ဒုတိယဦးစီးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

(စျ) ဒေါ်ဆုမွန်သိန်း အဖွဲ့ဝင်
ဒုတိယဦးစီးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

(ည) ဒေါ်ကေသွယ်ငြိမ်း အဖွဲ့ဝင်
ဒုတိယဦးစီးမှူး
စားသုံးသူရေးရာဦးစီးဌာန

(ဋ) ဒေါ်အိရွှေစင် အဖွဲ့ဝင်
အငယ်တန်းစာရေး
ကုန်သွယ်ရေးဦးစီးဌာန

(ဌ) ဒေါ်သန္တာခင် အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

၂။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ရုံးအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့များ၏ ရုံးလုပ်ငန်းအဖွဲ့က ဆောင်ရွက်ရမည့် ရုံးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်သော ရုံးအဖွဲ့အဖြစ် တာဝန်ယူဆောင်ရွက်ရန်။

(ခ) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့်ဗဟိုလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများနှင့် အခါအားလျော်စွာ ဆောင်ရွက်မည့် အစည်းအဝေးများကို ရုံးလုပ်ငန်းအဖွဲ့က ကျင်းပရေးဆောင်ရွက်ပေးရာတွင် ဆောင်ရွက်မည့် ရုံးလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရန်။

(ဂ) အစည်းအဝေးဖိတ်ကြားခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်နှင့် အစည်းအဝေးမှတ်တမ်းများ အချိန်မီထုတ်ပြန်ရေးနှင့် ဆွေးနွေးညှိနှိုင်းချက်များအပေါ် သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း၊ အကြောင်းကြားစာပေးပို့ခြင်းလုပ်ငန်းများကို တင်ပြဆောင်ရွက်ရန်။

(ဃ) စီမံခန့်ခွဲမှုကော်မတီများ၊ ရင်းနှီးတည်ဆောက်သူများ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသူများက တင်ပြသည့် အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အဆိုပြုချက်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အဆိုပြုချက်များ၊ အထူးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်ပတ်သက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် အညီစိစစ်၍ ရုံးလုပ်ငန်းအဖွဲ့က ဗဟိုလုပ်ငန်းဖွဲ့သို့တင်ပြခြင်း၊ ဗဟိုလုပ်ငန်းအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြခြင်းဆိုင်ရာ ရုံးလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရန်။

(င) စီမံခန့်ခွဲမှုကော်မတီများက တင်ပြလာသည့် ကိစ္စရပ်များကိုဗဟိုလုပ်ငန်းအဖွဲ့၊ လမ်းညွှန်ချက်အရ ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြခြင်းနှင့် ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်များကို သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသို့ ဆက်လက်အကြောင်းကြားခြင်း ဆိုင်ရာရုံးလုပ်ငန်းများကို တာဝန်ခံ ဆောင်ရွက်ရန်။

(စ) အထူးစီးပွားရေးဇုန်များနှင့်ပတ်သက်သည့် ပြည်တွင်း/ ပြည်ပဆိုင်ရာသင်တန်းများ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေးလိုအပ်သည့် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရန်။

(ဆ) အထူးစီးပွားရေးဇုန်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပြန်ကြားပေးရေးနှင့် အများပြည်သူသိရှိအောင် website တွင်ဖော်ပြနိုင်ရေးအတွက် သတင်းအချက်အလက်များ စုစည်းပြီး TIR ဌာနသို့ပေးပို့ရန်၊ Myantrade Website ဖြစ်သော www.myantrade. gov.mm တွင် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ကြည့်ရှုရန်နှင့် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်သောအချက်အလက်များရှိပါက သတင်းပို့တင်ပြပြီး ပြင်ဆင်ဖြည့်စွက်ခြင်းကို ဆောင်ရွက်သွားရန်။

(ဇ) ရုံးလုပ်ငန်းအဖွဲ့ကအထက် အဆင့်ဆင့်၏မူဝါဒများ လမ်းညွှန်ချက်များနှင့်အညီ ချမှတ်ပေးသော ရုံးလုပ်ငန်းဆိုင်ရာမူဝါဒများကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန်။

(ဈ) ဤအဖွဲ့သည် ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့တို့၏ အထူးစီးပွားရေးဇုန်ဆိုင်ရာ ရုံးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ရာ အဖွဲ့ဝင်အားလုံးသည် သတ်မှတ်သည့်ရုံးနေရာတွင် အချိန်ပြည့်ရုံးထိုင်ပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်သွားရန်။

(ည) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့်ဗဟိုလုပ်ငန်းအဖွဲ့တို့၏ ရုံးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် ကုန်ကျစရိတ်များကို ကျခံသုံးစွဲရန်၊ လျာထားအသုံးစရိတ်များအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြတောင်းခံခြင်း၊ ငွေကြေးသုံးစွဲမှုများအပေါ် စာရင်းစစ်ဆေးမှုခံယူခြင်း ဆိုင်ရာရုံးလုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေးအတွက် တာဝန်ယူ ဆောင်ရွက်သွားရန်။

၃။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၁၈-၂-၂၀၂၂ ရက်စွဲဖြင့် ထုတ်ပြန်ထားသော မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ရုံးအဖွဲ့ ဖွဲ့စည်းခြင်း ရုံးအမိန့်စာအမှတ်၊(၁/၂၀၂၂) ကို ဤဖွဲ့စည်းမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(နော်မူတာကပေါ၊ အတွင်းရေးမှူး)

စာအမှတ်၊SEZ/ဗဟိုလုပ်ငန်း/၂၀၂၂ (၀၄၂)
ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ၂၈ ရက်

ဖြန့်ဝေခြင်း

ဝန်ကြီးရုံး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
သက်ဆိုင်သူများ